# မဲခေါင်-ကိုရီးယားပူးပေါင်းဆောင်ရွက်ရေး ရန်ပုံငွေ အစီအစဉ်အရ ဖွင့်လှစ်သည့် “Training on Use of Microsoft Power BI” သင်တန်း ဖွင့်ပွဲအခမ်းအနားကျင်းပ

## Training on use of Microsoft Power BI

**Training on use of Microsoft Power BI** သင်တန်းဖွင့်ပွဲ အခမ်းအနားကို ၂၀-၆-၂၀၂၂ ရက်နေ့ နေ့လယ် (၁၂:၀၀) နာရီ အချိန်တွင် ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးသန်းဇော်မှ တက်ရောက်၍ ဖွင့်လှစ်ပေးခဲ့ပါသည်။ အဆိုပါသင်တန်းကို ၂၀-၆-၂၀၂၂ ရက်နေ့မှ ၁-၇-၂၀၂၂ ရက်နေ့အထိ ရုံးအမှတ် (၃၂) ၊ ဗဟိုစာရင်းအင်းအဖွဲ့၏ သင်တန်းခန်းမ၌ ၁၀ ရက်ကြာ ဖွင့်လှစ်ပို့ချမည်ဖြစ်ပြီး သင်တန်းနည်းပြဖြစ်သူ ဆရာဦးငွေအောင်က သင်ကြားပို့ချလျက်ရှိပါသည်။

**သင်တန်းဖွင့်လှစ်ရသည့် အဓိကရည်ရွယ်ချက်များမှာ-**

- သင်တန်းသားများအနေဖြင့် database တည်ဆောက်တတ်စေရန်၊ data analysis လုပ်တတ်စေရန်၊ data reporting နှင့် sharing ဆောင်ရွက်တတ်စေရန်၊
- Microsoft Power BI ကို အသုံးပြု၍ စာရင်းအင်းအချက်အလက်များ ကို စွမ်းဆောင်ရည် ပြည့်ဝစွာ စိစစ်တွက်ချက်ရာတွင် လုပ်ဆောင်မှု တိုးတက်စေရန်၊
- စာရင်းအင်းအချက်အလက်များကို ခေတ်မီနည်းပညာကို အသုံးပြု၍ ကျွမ်းကျင်စွာ ကိုင်တွယ် တွက်ချက်နိုင်ခြင်း နှင့် စိစစ်အကဲဖြတ်တတ်စေရန်။

**သင်ကြားပို့ချမည့် ဘာသာရပ်ဆိုင်ရာများမှာ-**

- Activating Power Query & Understanding Power Query Editor, Importing Data from Multiple Data Source, Handling Data Types and Cleaning Unnecessary Data
- Appending and Merging Queries, Data Transformation, Data Transformation
- Loading Query Data and Refreshing, M Language, Power Query Objects, Parameter Tables and Custom Function
- Case Studies, Power Pivot, Common DAX functions, Understanding Evaluation Contexts, Table Functions

- Calculate & Calculatetable, Time Intelligence Functions, Power BI Desktop, Power BI Service

အဆိုပါသင်တန်းသို့ ဗဟိုစာရင်းအင်းအဖွဲ့မှ (၂၀) ဦး၊ စီမံကိန်းရေးဆွဲရေးဦးစီးဌာနမှ (၄) ဦး၊ စီမံကိန်း စိစစ်ရေးနှင့် တိုးတက်မှုအစီရင်ခံရေးဦးစီးဌာနမှ (၄) ဦးနှင့် စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီး ဌာနမှ (၂) ဦး စုစုပေါင်း အရာထမ်း၊ အမှုထမ်း (၃၀) ဦး တက်ရောက်ပါသည်။